ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

[ နည်းဥပဒေ ၂၃(စ) ]

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၆/၂၀၁၅)

| | |
|---|---|
| ဦးနိုင်မင်းစိုး(ပိုင်ရှင်)<br>ဦးနေလင်းထိုက်(GM)<br>Myanmar Beans & Timber<br>Trading Co.,Ltd၊ အမှတ်(၉၁)၊<br>ဦးဖိုးလှိုင်လမ်း၊ စက်မှုဇုန်(၂)၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမျိုးဇော်ထူးပါ အလုပ်သမား(၈)ဦး<br>အမှတ်(၃၄)၊ မုံရွာလမ်း၊ (၁၁) ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဦးဖိုးလှိုင်လမ်း၊ အမှတ်(၉၁)ရှိ Myanmar Beans & Timber Trading Co.,LTd(ပိုင်ရှင်) ဦးနိုင်မင်းစိုး၊ (GM) ဦးနေလင်းထိုက်နှင့် ဦးမျိုးဇော်ထူးပါ အလုပ်သမား(၈)ဦးတို့ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၄၅/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် လုပ်ကျေန်ငွေနှင့် အလုပ်ထုတ်နစ်နာကြေးပေးပါရန် တောင်းဆိုခြင်းမှဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၂) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အပေါ် တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားလာခြင်းဖြစ်သည် -

ကောက်ချက်အမှတ်(၁)။ (က) သကြၤန်ရုံးပိတ်ရက်(၁၀)ရက်အပေါ်အဝင် အလုပ်ထုတ်ပြီဟု တရားဝင်စာထုတ်အကြောင်းကြားခဲ့သော ၂၈-၅-၂၀၁၅ ရက်နေ့ထိ လုပ်ခလစာကျန်ငွေနှင့် အလုပ်ထုတ်နစ်နာကြေးပေးရန်၊

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးမျိုးဇော်ထူးပါ(၈)ဦးအား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးများ အောက်ပါအတိုင်းထုတ်ပေးရန် ဆုံးဖြတ်ကြပါသည်-

| စဉ် | အမည် | နှုတ်စ်ကြေး(၁)လစာ | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးမျိုးဇော်ထူး | ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) | ၂၀၀၀၀၀ိ/- x ၁= ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) | ၄၀၀၀၀၀ိ/- (ကျပ်လေးသိန်းတိတိ) |
| ၂။ | ဦးကျော်လွင်ဦး | ၁၂၀၀၀၀ိ/- (ကျပ်တစ်သိန်းနှစ်သောင်းတိတိ) | ၁၂၀၀၀၀ိ/- x ၁= ၁၂၀၀၀၀ိ/- (ကျပ်တစ်သိန်းနှစ်သောင်းတိတိ) | ၂၄၀၀၀၀ိ/- (ကျပ်နှစ်သိန်းလေးသောင်းတိတိ) |
| ၃။ | ဦးထက်နောင်စိုး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၁၁၅၀၀၀ိ/- x ၁= ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၂၃၀၀၀၀ိ/- (ကျပ်နှစ်သိန်းသုံးသောင်းတိတိ) |
| ၄။ | ဦးဇင်ထူး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၁၁၅၀၀၀ိ/- x ၁= ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၂၃၀၀၀၀ိ/- (ကျပ်နှစ်သိန်းသုံးသောင်းတိတိ) |
| ၅။ | ဦးလှိုင်ဇော်ဝင်း | ၁၇၀၀၀၀ိ/- (ကျပ်တစ်သိန်းခုနှစ်သောင်းတိတိ) | ၁၇၀၀၀၀ိ/- x ၁= ၁၇၀၀၀၀ိ/- (ကျပ်တစ်သိန်းခုနှစ်သောင်းတိတိ) | ၃၄၀၀၀၀ိ/- (ကျပ်သုံးသိန်းလေးသောင်းတိတိ) |
| ၆။ | ဒေါ်မြင့်မြင့်ဦး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၁၁၅၀၀၀ိ/- x ၁= ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၂၃၀၀၀၀ိ/- (ကျပ်နှစ်သိန်းသုံးသောင်းတိတိ) |
| ၇။ | ဒေါ်ခိုင်ရွှေ | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၁၁၅၀၀၀ိ/- x ၁= ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၂၃၀၀၀၀ိ/- (ကျပ်နှစ်သိန်းသုံးသောင်းတိတိ) |

| | | | | |
|---|---|---|---|---|
| ၈။ | ဒေါ်ထွေးယဉ်လေး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၁၁၅၀၀၀ိ/- x ၁= ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၂၃၀၀၀၀ိ/- (ကျပ်နှစ်သိန်းသုံးသောင်းတိတိ) |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ နုံသမာဓိအဖွဲ့၏(၄၅/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Myanmar Beans & Timber Trading Co.,LTd(ပိုင်ရှင်) ဦးနိုင်မင်းစိုးမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၅)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၃၆/၂၀၁၅)အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ချမှတ်ခဲ့သော (၄၅/၂၀၁၅) ဆုံးဖြတ်ချက်တွင်ပါရှိသော အလုပ်ရပ်စဲမှုနစ်နာကြေးအား အသစ်ထွက်ရှိထားသော နစ်နာကြေးနှုန်းထားဖြင့် ပြင်ဆင်ခွင့်ပြုပါရန် အယူခံလျှောက်ထားခြင်းဖြစ်သည်။

သုံးသပ်ချက်အမှတ်(၁)။ ဦးမျိုးဇော်ထူးပါ အလုပ်သမား(၈)ဦးအား အလုပ်ထုတ်ပယ်ကြောင်း အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားခြင်းမရှိကြပါ။ တစ်စုံတစ်ရာ ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ အလုပ်ထုတ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တွင် ကြိုတင်အကြောင်းကြားခြင်း မရှိသည့်အတွက် နို့တစ်ကြေးတစ် လစာပေးရန်ကို အငြင်းပွားခြင်းမရှိ၊ အလုပ်ရပ်စဲမှုနစ်နာကြေးကို လုပ်သက်အလိုက်ပေးရန် ဆုံးဖြတ်ချက်အားလည်း အယူခံခြင်းမရှိပေ။ အလုပ်ရပ်စဲမှုနှုန်းထားအပေါ်တွင်သာ အသစ်ထုတ်ပြန်ထားသော နစ်နာကြေးနှုန်းထားဖြင့် ပေးချေလိုကြောင်းသာအယူခံလျှောက်ထားခြင်းဖြစ်၍ အောက်ပါအတိုင်း အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးမျိုးဇော်ထူးပါ(၈)ဦးအားနို့တစ်ကြေးနှင့်လုပ်သက်အလိုက်အလုပ်ရပ်စဲမှုနစ်နာကြေးများ အောက်ပါအတိုင်းထုတ်ပေးရန် ဆုံးဖြတ်ပါသည် -

#2331 P.004
28/01 2015 13:28

| စဉ် | အမည် | နို့တစ်ကြေး(ခ)လစာ | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးမျိုးဇော်ထူး | ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) | ၁၀၀၀၀၀ိ/- (ကျပ်တစ်သိန်းတိတိ) | ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်း တိတိ) |
| ၂။ | ဦးကျော်လှိုင်ဦး | ၁၂၀၀၀၀ိ/- (ကျပ်တစ်သိန်းနှစ်သောင်းတိတိ) | ၆၀၀၀၀ိ/- (ကျပ်ခြောက်သောင်းတိတိ) | ၁၈၀၀၀၀ိ/- (ကျပ်တစ်သိန်းရှစ်သောင်းတိတိ) |
| ၃။ | ဦးထက်နေဝင်းစိုး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၅၇၅၀၀ိ/- (ကျပ်ငါးသောင်းခုနှစ်ထောင့်ငါးရာတိတိ) | ၁၇၂၅၀၀ိ/- (ကျပ်တစ်သိန်းခုနှစ်သောင်းနှစ်ထောင့်ငါးရာတိတိ) |
| ၄။ | ဦးဇင်ထူး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | ၅၇၅၀၀ိ/- (ကျပ်ငါးသောင်းခုနှစ်ထောင့်ငါးရာတိတိ) | ၁၇၂၅၀၀ိ/- (ကျပ်တစ်သိန်းခုနှစ်သောင်းနှစ်ထောင့်ငါးရာတိတိ) |
| ၅။ | ဦးလှိုင်ဇော်ဝင်း | ၁၇၀၀၀၀ိ/- (ကျပ်တစ်သိန်းခုနှစ်သောင်းတိတိ) | ၈၅၀၀၀ိ/- (ကျပ်ရှစ်သောင်းငါးထောင်တိတိ) | ၂၅၅၀၀၀ိ/- (ကျပ်နှစ်သိန်းငါးသောင်းငါးထောင်တိတိ) |
| ၆။ | ဒေါ်မြင့်မြင့်ဦး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | - | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) |
| ၇။ | ဒေါ်ခိုင်ရွှေ | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | - | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) |
| ၈။ | ဒေါ်ထွေးငယ်လေး | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) | - | ၁၁၅၀၀၀ိ/- (ကျပ်တစ်သိန်းတစ်သောင်းငါးထောင်တိတိ) |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးအောင်သန်း
ဥက္ကဋ္ဌ

ဦးရဲနိုင်ဝင်း
အဖွဲ့ဝင်